အလ္လာဟ်အရှင်မြတ်သည် တစ်ဦးတစ်ယောက်အား
ကောင်းစေလိုလျှင် ထိုသူ့အား စမ်းသပ်ရန် အလို့ငှာ
ဘေးဒုက္ခများ သက်ရောက်စေတော်မူသည်။
အဗူဟုရိုင်ရဟ် (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏
ရစူလ်တမန်တော်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)မိန့်ကြားတော်မူသည်။
အလ္လာဟ်အရှင်မြတ်သည် တစ်ဦးတစ်ယောက်အား ကောင်းစေလိုလျှင် ထိုသူ့အား စမ်းသပ်ရန်
အလို့ငှာ ဘေးဒုက္ခများ သက်ရောက်စေတော်မူသည်။
[ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] [ဗုခါရီကျမ်း။]
တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က မိန့်ကြားတော်မူသည်မှာ
အလ္လာဟ်အရှင်မြတ်သည် မိမိ၏ မုအ်မင်န်သက်ဝင်ယုံကြည်သူကျေးကျွန်များအနက်မှ
တစ်ဦးဦးအား ကောင်းစေလိုလျှင် ၎င်းတို့၏ အသက်ခန္ဓာများ၊ ဥစ္စာပစ္စည်းများ၊
သားသမီးများနှင့် ပတ်သက်၍ စမ်းသပ်တော်မူသည်။ ထိုသို့စမ်းသပ်ခြင်း၌
မုအ်မင်န်တစ်ဦးအတွက် ဒုအာဆုတောင်းမှုဖြင့် အလ္လာဟ်အရှင်မြတ်ထံ
ခိုလှုံမှုတောင်းခြင်း၊ အပြစ်အကုသိုလ်များကို ပယ်ဖျက်ပေးခြင်း၊ အဆင့်အတန်းများ
မြင့်မားခြင်းတို့ရှိသည်။
https://sunnah.global/hadeeth/my/show/4204